# တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး

## (၁၅) ရက်မြောက်နေ့အစီအစဉ်

## ( ၁၃ - ၁၀ - ၂၀၂၆ ) (အင်္ဂါနေ့)  နံနက် ၁၀:၀၀ နာရီ

၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေးမတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်း၊

၅။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးတင်ထွန်းလွင်၊ ကလေးဝမဲဆန္ဒနယ်၏ **ကလေးဝမြို့၊ (၂၅) ခုတင်ဆံ့ ဆေးရုံနှင့် (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံတို့တွင် ဆရာဝန်များ ခန့်ထားပေးရန်နှင့် ဆေးဝါးများပံ့ပိုးပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ခ) ဦးလှမြင့်၊ မတ္တရာမဲဆန္ဒနယ်၏ **မတ္တရာမြို့နယ်အတွင်းရှိ တိုက်နယ် ဆေးရုံ (၅)ရုံအား ပြန်လည်ဖွင့်လှစ်ပေးနိုင်မည့် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဂ) ဦးတင်အောင်ချစ်၊ အောင်လံမဲဆန္ဒနယ်၏ **အောင်လံမြို့နယ်ရှိ ခုတင် (၁၀၀) ဆံ့ ပြည်သူ့ဆေးရုံ၌ ဝန်ထမ်းများ အမြန်ဆုံး ခန့်ထားပေးရန်နှင့် ခွဲစိတ်ခန်း ပြင်ဆင်ရေးရန်ပုံငွေ ခွင့်ပြုပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဒေါက်တာနန္ဒာလှမြင့်၊ ကလောမဲဆန္ဒနယ်၏ **ဟဲဟိုးမြို့၊ တိုက်နယ်ဆေးရုံ၌ ခွဲစိတ်ခန်း ဆောက်လုပ်ပေးရန်နှင့် Type(c) Laboratory Set တစ်စုံ ထောက်ပံ့ပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါက်တာရွှေပြည်စိုး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မဲဆန္ဒနယ်၏ **ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် ပြည်သူ့ဆေးရုံကြီးကို အထွေထွေ ပြည်သူ့ဆေးရုံကြီး အသွင် ပြုပြင်ရန် မည်သို့ ဖြည့်ဆည်းပေးထားကြောင်း သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း။

၇။ ဦးသက်နိုင်ဦး၊ ဘားအံမဲဆန္ဒနယ်က တင်သွင်းသည့် **“နိုင်ငံသူ နိုင်ငံသား မိဘပြည်သူ လူထုတစ်ရပ်လုံး၏ ကျန်းမာရေးဆိုင်ရာ ဝန်ပိနေမှုများကို လျှော့ချပေးနိုင်ရန် အတွက် နိုင်ငံတော်အစိုးရ၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြင်ပလူနာ ဌာနကြီးများ ထူထောင်ဖွင့်လှစ်ပေးနိုင်ပါရန်နှင့် ရောဂါကြီးများအား နိုင်ငံတကာ အဆင့်မီ ကုသမှုခံယူနိုင်ရန်အတွက် ဒေသဇုန်ကြီးများအလိုက် အဆင့်မြင့် အထူးကုဆေးရုံကြီးများ ထူထောင်ဖွင့်လှစ်ပေးနိုင်ပါရန် တိုက်တွန်းသည့်အဆို”** ကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း-

(က) ဦးဟံသာဝင်း၊ ကျောက်ကြီး မဲဆန္ဒနယ်

(ခ) ဦးအောင်ဆန်းလွင်၊ တနင်္သာရီ မဲဆန္ဒနယ်

(ဂ) ဦးယောအေးလှ ၊ နန်းယွန်း မဲဆန္ဒနယ်

(ဃ) ဦးရားနီ၊ ပူတာအို မဲဆန္ဒနယ်

(င) ဒေါ်ခင်နီနီအောင်၊ ကော့ကရိတ် မဲဆန္ဒနယ်

(စ) ဒေါ်ဇာခြည်လွင်၊ မိုးညှို မဲဆန္ဒနယ်

(ဆ) ဦးတင့်လွင်၊ လောင်းလုံး မဲဆန္ဒနယ်

(ဇ) ဒေါက်တာမျိုးထွန်း၊ လားရှိုး မဲဆန္ဒနယ်

(ဈ) ဦးခင်မောင်ထွန်း၊ ဖောင်းပြင် မဲဆန္ဒနယ်

(ည) ဒေါ်အေးအေးမြင့်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မဲဆန္ဒနယ်

(ဋ) ဦးအောင်နိုင်၊ ဝေါ မဲဆန္ဒနယ်

(ဌ) ဦးစောပောသားကြီး၊ သံတောင်ကြီး မဲဆန္ဒနယ်

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော **"ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၉။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော **"နိုင်ငံရေး ပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများကို စတုတ္ထအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများ"** နှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၁၀။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေး (၁၅) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၆) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။